**လွတ်လပ်သော သီးခြား ဒါရိုက်တာ ဦးစိန်ဝင်း ဒါရိုက်တာ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက် အနားယူကြောင်းအသိပေး ကြေ ညာခြင်း**

TMH Telecom Public Co., Ltd. ၏ လွပ်လပ်သော သီးခြား ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသော ဦးစိန်ဝင်းသည် (၂၇-၇-၂၀၂၁) ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်အနားယူပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိန်ဝင်းသည် စတင်တာဝန်ထမ်းဆောင်စဉ်ကာလမှ ယခုချိန်အထိ ကုမ္ပဏီမှ ယုံကြည်အား ကိုးရသော လွတ်လပ်သော သီးခြားဒါရိုက်တာ အဖြစ် ကုမ္ပဏီ၏ အရေးပါသည့် ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် ကုမ္ပဏီ၏အကျိုးဖြစ်ထွန်းမှုလုပ်ငန်းစဉ်များတွင် အကြံပြု ဆောင် ရွက်ခဲ့မှု အပေါ် ဒါရိုက်တာအဖွဲ့မှ အစဉ် လေးစား အသိအမှတ် ပြုပါသည်။

ဦးစိန်ဝင်းသည် လက်ရှိအချိန်တွင် ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီတွင် ဥက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်လျက်ပြီး အဆိုပါစာရင်းစစ်ကော်မတီ၏ ဥက္ကဋ္ဌတာဝန်ကို TMH ကုမ္ပဏီ၏ လွတ်လပ်သော သီးခြားဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးသိန်းဇော်မှ ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၁ ခုနှစ် ၊ ဩဂုတ်လ (၁၁) ရက်။